CBDRR Practice Case Studies



၃

# ရပ်ရွာအခြေပြုဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးလုပ်ငန်းများ၏ အကျိုးရလဒ်များကို စိစစ်ရန်ကနဦးလေ့လာဆန်းစစ်မှုနှင့် အပြီးသတ်စစ်ဆေးမှုများပြုလုပ်ခြင်း


## အနှစ်ချုပ်

စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စီမံကိန်းအစီအစဉ်များ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ၏ အဓိက အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ပြီးပြင်သစ်ကြက်ခြေနီ ၏ကူညီထောက်ပံ့မှုဖြင့်လက်ရှိဆောင်ရွက်လျှက်ရှိသောဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တွင်ကနဦးလေ့လာဆန်းစစ်မှုနှင့်အပြီးသတ်စစ် ဆေးမှုများကိုပြုလုပ်ရေးဆွဲထားခြင်းဖြင့် စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်စစ်ဆေးခြင်း၏တန်ဖိုးနှင့် ထူးခြားမှုကိုမီးမောင်းထိုးပြထားပါသည်။ စီမံချက်လုပ်ငန်း၏ အဓိကအရေးကြီးကိုးကားနိုင်သောအချက် များဖြစ်သည့်ကနဦးဆန်းစစ်လေ့လာမှုနှင့်အပြီးသတ်စစ်ဆေးမှုအချက်အလက်ကောက်ယူခြင်းသည်စီမံချက်မြို့နယ်များတွင် လုပ်ငန်းအတိုင်းမှီစစ်ဆေးခြင်း(သို့) လုပ်ငန်းအပြီးစစ်ဆေးခြင်းနည်းလမ်းများဖြင့် လုပ်ငန်း၏အကျိုးသက်ရောက်မှုများကို ဖော်ထုန်သိရှိနိုင်သည်။ ကနဦးလေ့ဆန်းစစ်မှုနှင့် လုပ်ငန်းစဉ်များပြီးစီးသောအခါအပြီးသတ်စစ်ဆေးမှုသတင်းအချက်အချက်အလက်ကောက်ယူခြင်းများ၌ကြက်ခြေနီစေတနာ့လုပ်အားရှင်များတိုက်ရိုက်လုပ်ဆောင်ပါသည်။
စစ်ဆေးမှုများ၏နောက်ဆုံးရလဒ် သည်အစီအစဉ်အတွင်းစီမံကိန်း၏အကျိုးဆက်များနှင့်ပြုပြင်တိုးတက်မှုလိုအပ်သောနေရာများကိုသိရှိနားလည်စေနိုင်ပါသည်။


## မာတိကာ


+ စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ဆန်းစစ်ခြင်း –တန်ဖိုးမဖြတ်နိုင်သောစီမံခန့်ခွဲမှုလက်ကိုင်ကိရိယာ ၂
+ ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးစီမံချက်လုပ်ငန်းအစီအစဉ်၏အကျိုးသက်ရောက်မှုများကို အကဲဖြတ်စစ်ဆေးခြင်းလုပ်ငန်း ၂
+ ဖြစ်မြောက်အောင် ကူညီထောက်ပံ့ပေးသောအကြောင်းအရာများ ၅
+ ကြုံတွေ့ရသောအခက်အခဲများ ၆
+ သင်ခန်းစာရရှိမှုများနှင့်အကြံပြုချက်များ ၇

## စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ဆန်းစစ်ခြင်း– တန်ဖိုးမဖြတ်နိုင်သောစီမံခန့်ခွဲမှုလက်ကိုင်ကိရိယာ

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းက ကူညီပံ့ပိုးပြီး၂၀၁၁ခုနှစ်တွင် ARUP အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့က အောင်မြင်သောရပ်ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါး ရေးအစီအစဉ်၏ အဓိသော့ချက်များ’ အမည်ဖြင့်ပြုလုပ်ခဲ့သောသုသေသနစာတမ်းတွင် အဓိက ဆုံးဖြတ်ပေး သောအချက်(၉)ခုအနက်မှ တစ်ချက်မှာ ‘လုံလောက်သောစစ်ဆေးမှုများဖြစ်သည့်စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းစဉ်’ ဖြစ်ပြီးစီမံချက်လုပ်စဉ်တစ်လျှောက်လုံးထည့်သွင်း လုပ်ဆောင်ရမည်ဖြစ်သည်ဟု ဖော်ပြထားပါသည်။ (အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊၂၀၁၁) အချိန်မှန်ပြီးယုံကြည်စိတ်ချရသော စောင့်ကြည့်လေ့လာခြင်း နှင့်အကဲဖြတ်ဆန်းစစ်ခြင်းသည် တိကျမှန်ကန်သော ၊ ဖြစ်ရပ်မှန်ကိုအခြေခံသော အစီရင်ခံစာတင်ပြခြင်းတို့ကို အထောက်အကူပြု ရုံသာမကစီမံခန့်ခွဲရန်နှင့်ဆုံးဖြတ်ချက်ချရန်လမ်းညွှန်မှုပေးပါသည်။ (အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊၂၀၁၁)ထို့အပြင် စီမံချက်လုပ်ငန်းများတွင်ပါဝင်လုပ်ဆောင်ရမည့်ပုဂ္ဂိုလ်များ၊ အထူးသဖြင့် အကျိုး ခံစားခွင့်ရှိသူများကအကြံဉာဏ်နှင့်တုံ့ပြန်မှုများပေးနိုင်ရန်အခွင့်အရေး တစ်ခုလည်းဖြစ်ပါသည်။

စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်းသည်မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုတွင်အဓိကအရေးပါပြီးလုပ်ငန်းများ၏အကျိုးသက်ရောက်မှုနှင့် အကျိုးရလဒ်များကိုတိုင်းတာသောလက်နက်ကိရိယာတစ်ခုအဖြစ်မှတ်ယူနိုင်ပါသည်။ မြန်မာနိုင်ကြက်ခြေနီအသင်း၏ လက်ရှိဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်များကြားတွင် ပြင်သစ်ကြက်ခြေနီအသင်း၏ကူညီပံ့ပိုးမှုဖြင့် လုပ်ဆောင်နေသည့်ဘေးအန္တရယ်ကျရောက် မှုလျော့ပါးရေး လုပ်ငန်းအစီအစဉ် တစ်ခုသာလျှင် စောင့်ကြည့်လေ့လာခြင်း နှင့်အကဲဖြတ်စစ်ဆေးခြင်း၏ထူးခြားမှုနှင့်တန်ဖိုးရှိမှုများကိုအလေးထားကာစစ်ဆေးမှုအမျိုးမျိုးဖြစ်သောကနဦးလေ့လာဆန်းစစ်ခြင်းနှင့်အပြီးသတ်စစ်ဆေးခြင်းများကိုထည့်သွင်းရေးဆွဲထားပါသည်။ကနဦးလေ့လာဆန်းစစ်မှုနှင့် အပြီးသတ်စစ်ဆေးမှုများသည် အရေးတကြီးသောမှိုင်မြဲနိုင်သောအချက်အလက်များကို ဖော်ထုတ်ပေးသောကြောင့်အထူးဦးစားပေးထားသည်။ ကျောင်းအခြေပြုဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်နှင့်ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှု အစီအစဉ်များတွင် အကျိုးသက်ရောက်မှုများအားအကဲဖြတ်စစ်ဆေးခြင်းကိုပြုလုပ်ခြင်းမရှိပါ။ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်နှင့် မြို့ပြအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များတွင်ကနဦးလေ့လာဆန်းစစ်မှုနှင့်အပြီးသတ်စစ်ဆေးမှုများကိုပြုလုပ် ရန်လျာထားထားသော်လည်း ၎င်းအစီအစဉ်လုပ်ငန်းများသည်မကြာသေးခင်ကစတင်လုပ်ဆောင်လျှက်ရှိရာ တိကျသောသတင်းအချက်အလက်များမရရှိနိုင်သေးပါ။

## ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးစီမံချက်လုပ်ငန်းအစီအစဉ်၏အကျိုးသက်ရောက်မှုများကိုအကဲဖြတ်စစ်ဆေးခြင်းလုပ်ငန်း

စီမံချက်လုပ်ငန်းများအကောင်ထည်ဖော်ဆောင်ရာတွင်ပထမတစ်နှစ်ကာလအတွင်းအကျိုးသက်ရောက်မှု ကိုအကဲဖြတ်စစ်ဆေးခြင်းမပြုလုပ်သော်လည်း ၂၀၁၀ခုနှစ်မှစတင်၍ လုပ်ငန်းစဉ်တစ်ခုလုံးတွင်ပြောင်းလဲမှု များရှိလာကာသက်ဆိုင်ရာမြို့နယ်တွင်လုပ်ငန်းမစတင်မီကနဦးအကြိုစစ်တမ်းကောက်ယူမှုစစ်ဆေးခြင်းလုပ်ငန်းများပြုလုပ်ကြပါသည်။ ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးဌာနမှ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းအရာရှိသည်ရပ်ရွာအဆင့်စစ်ဆေးမှုများတွင်ကြီးကြပ်တာဝန်ယူရပြီးကျောင်းနှင့်ပတ်သက်သောစစ်ဆေးမှုများကိုပညာရေးမှူးကတာဝန်ယူဆောင်ရွက်ပါသည်။

### စီမံကိန်းလည်ပတ်မှုတွင်အဓိကကျသောစောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်စစ်ဆေးရမည့်အရာများ

၁။ ကနဦးလိုအပ်ချက်များကိုစစ်ဆေးခြင်း။ စီမံချက်အစီအစဉ်ပြုလုပ်ရန်လိုခြင်းရှိမရှိကို စစ်ဆေးရန်၊ အကယ်၍လိုအပ်ပါက ကြိုတင်စီစဉ်မှုများပြုလုပ်သောအခါတွင် ကြိုတင်အသိပေးနိုင်ရန်။

၂။ စီမံချက်လုပ်ငန်းများဆိုင်ရာ ချိတ်ဆက်မှုပြယားနှင့် ရည်ညွှန်းချက်များ။ စီမံချက်အစီအစဉ်၏ လုပ်ဆောင်ရန်ပုံကြမ်းနှင့် ယင်းစီမံချက်၏ရည်ရွယ်ချက်၊ရည်ညွှန်းချက်များ၊ အတည်ပြုရန်နည်းလမ်းများနှင့်ယူဆချက်များ

၃။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်းများပြုလုပ်ရန်အစီအစဉ်ရေးဆွဲခြင်း။ စီမံချက်လုပ်ငန်းများဆိုင်ရာ ချိတ်ဆက်မှုပြဇယား(Logframe)၏ရည်ရွယ်ချက်နှင့် ရည်ညွှန်းချက်များကိုအကဲဖြတ်စစ်ဆေးရန် လက်တွေ့ကျသော စောင့်ကြည့်လေ့လာခြင်း နှင့် အကဲဖြတ် စစ်ဆေးခြင်းအဓိကအစီအစဉ်များရေးဆွဲရန်

၄။ ကနဦးလေ့လာဆန်းစစ်ခြင်း။ စီမံချက်အစီအစဉ်များမစတင်မီ အစကနဦးအခြေနေများ(သင့်တော်သောရည်ညွှန်းချက်များ)လေ့လာစစ်ဆေးခြင်းဖြင့် လုပ်ငန်းအစီအစဉ်များ တိုးတက်မှုများကိုတိုင်တာခြင်း (သို့) နှိုင်းယှဉ်နိုင်ခြင်း

၅။ စီမံကိန်းအလယ်ကာလအကဲဖြတ်စစ်ဆေးခြင်းနှင့် သုံးသပ်ခြင်းများ။ စစ်ဆေးလေ့လာခြင်းနှင့် ဆက်လက် လုပ်ဆောင်နေသော စီမံကိန်းအစီအစဉ်များကို သတင်းပို့အကြောင်းကြားခြင်း။

၆။ အပြီးသတ်အကဲဖြတ်စစ်ဆေးခြင်း (အပြီးသတ်စစ်ဆေးခြင်း)။ ပုံမှန်အားဖြင့် အပြီးသတ်အကဲဖြတ် စစ်ဆေးခြင်း၏ တစ်စိတ် တစ်ဒေသဖြစ်သော)အပြီးသတ်အကဲဖြတ် စစ်ဆေးခြင်းများပြုလုပ်ခြင်း အစပိုင်းအခြေနေများကိုနှိုင်းယှဉ်ခြင်းဖြင့်ပြောင်းလဲလာမှုများကိုစစ်ဆေးခြင်း၊ စီမံချက်လုပ်ငန်းများ၏ရွယ်ရွယ်ထားသောဦးတည်ချက်များနှင့်ကွဲပြားခြားနားချက်များကိုစစ်ဆေးရန်

၇။ အစီရင်ခံတင်ပြခြင်းနှင့်သင်ခန်းစာရရှိမှုများကိုပြန်လည်အသုံးချခြင်း။ စီမံကိန်းလည်ပတ်မှုတစ်လျှောက်လုံးတွင် အကျုံးဝင်ကြုံတွေ့ခဲ့ရသည့် အခြေအနေအဖြစ်အပျက်များကိုတင်ပြရန်နှင့် ဆက်လက်လုပ်ဆောင်နေသောစီမံချက်လုပ်ငန်းအစီအစဉ်များကို သတင်းပေးပို့ရန်။

အရင်းအမြစ်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေဒရှင်း ၂၀၁၁ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်းလမ်းညွှန်

တူညီသောမေးခွန်းလွှာပုံစံများကို ၄င်းအခြေခံဆန်းစစ်မှုနှင့် အပြီးသတ်စစ်ဆေးမှုများ တွင်အသုံးပြုပြီးနောက်ဆုံးရလဒ်ဖြစ်သည့်အကဲပြတ် စစ်ဆေးခြင်း အစီရင်ခံစာကို ထိုကြိုတင်သတ်မှတ်ထားသော မှန်းဆရလဒ်များနှင့် နှိုင်းယှဉ်ပြီး စစ်ဆေးမှုအကြိုရလဒ်နှစ်ခုအားပြင်ဆင်ရပါသည်။ ထို့အပြင် ဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်၏ အကျိုးသက်ရောက်မှုများကိုအကဲဖြတ် စစ်ဆေးရန်အတွက် လုပ်ငန်းအစီအစဉ်ပြီးဆုံးသောအခါတွင်အဓိကအရေးပါသော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ပါသည်။

## ကနဦးဆန်းလေ့လာဆန်းစစ်ချက်များပြုလုပ်ခြင်း

ဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်အောက်တွင် ကနဦးလေ့လာဆန်းစစ်ချက်များကိုနောက်ဆုံး စီမံချက်ဦးတည်လုပ်ဆောင်မည့် ကျေးရွာများ ရွေးချယ်သတ်မှတ်ပြီးသောအခါတွင်ပြုလုပ်ပါသည်။[၁] ကျေးရွာလူထုထဲတွင်သတင်းအချက်အလက်များ မကောက်ယူမီ ဘေးအန္တရာယ်လျော့ပါးရေး ဌာနမှစောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ရေးအရာရှိသည် မြို့နယ်တွင် ဒေသ ဆိုင်ရာအာဏာပိုင်များ၊ကျေးရွာဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီဝင် များနှင့်ကြက်ခြေနီစေတနာ့လုပ်အားရှင်(၁၂ – ၁၅)ဦးပါဝင်သော စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်းအဖွဲ့ဖွဲ့စည်းပါသည်။ ထိုအဖွဲ့အားအခြေခံစောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းနှင့်လုပ်ငန်း ဖြစ်စဉ်များသင်တန်းကို (၂)ရက်တာကြာမျှပို့ချပေးပါသည်။



မြန်မာနိုင်ငံကြက်ခြေနီအသင်းမှစေတနာ့လုပ်အားရှင်များအခြေခံဆန်းစစ်လေ့လာခြင်းအတွက် သတင်းအချက်အလက်များကောက်ယူနေပုံ

## ဆန်းစစ်လေ့လာခြင်း၏ ရည်ရွယ်ချက်များ

အကြမ်းဖျင်းအားဖြင့် ဆန်းစစ်လေ့လာခြင်း၏ ယေဘုယျရည်ရွယ်ချက်မှာ ရပ်ရွာနှင့် အိမ်ထောင်စု အဆင့်များတွင် ဘေးဖြစ်နိုင်ခြေ/ ဘေးအန္တရယ်ကြောင့်ဆုံးရှုံးနိုင်ခြေများကို နားလည်သဘောပေါက်ပြီးကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားမှုအခြေအနေ (သို့) ဘေးအန္တရာယ်၏ သဘောသဘာဝများကို နားလည်သဘောပေါက်မှု အတိုင်းအတာများကိုဖော်ထုတ်သတ်မှတ်နိုင်ရန် ရည်ရွယ်ပါသည်။

အသေးစိတ်ရည်ရွယ်ချက်များမှာ–

- ရပ်ရွာအကြောင်းအကျဉ်းချုပ်ကိုလေ့လာရန်
- သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ရပ်ရွာလူထု၏ လက်ခံယုံကြည်မှုနှင့်သဘောထားများကိုနားလည်စေရန်နှင့်
- လက်ရှိရေလွှမ်းမိုးမှု[၂]နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမှုများနှင့်အိမ်ထောင်စုနှင့် ကျေးရွာအဆင့်ကိုင်တွယ်ဖြေရှင်းနိုင်မှုကိုဖော်ထုတ်နိုင်ရန်

## နမူနာနှင့်သတင်းအချက်အလက်များစုဆောင်းခြင်း

ကနဦးဆန်းစစ်မှုသတင်းအချက်အလက်များ ကောက်ယူရန်သာမာန်ကျပန်းနမူနာကောက်နည်းနှင့် အချိုးကျနမူနာကောက်ယူနည်း ကိုပေါင်းစပ်အသုံးပြုထားပါသည်။ ပထမဦးစွာကျေးရွာ လူဦးရေပေါ်မူတည်ပြီးနမူနာသတင်းအချက်အလက် အရွယ်အစားကိုရွေးချယ်ရပါသည်။ ရေဘူယျအားဖြင့်ကနဦးဆန်းစစ်မှု အချက်အလက်များကောက်ယူရာတွင် အိမ်ထောင်စုစုစုပေါင်း၏၁၀–၂၀ရာခိုင်နှုန်းကို တွေ့ဆုံမေးမြန်းမှု ပြုလုပ်ရပါသည်။ ယင်းကဲ့သို့ တွေ့ဆုံမေးမြန်းရာတွင် အောက်ပါသတ်မှတ်ချက်များပေါ်မူတည်၍ရွေးချယ်ခံထားရသော မိသားစုမှသင့်တော်သူကိုတွေ့ဆုံမေးမြန်းခြင်းပြုလုပ်ရပါသည်။ ဖြေကြားမည့်မိသားစုဝင်သည် အသက်(၁၅)နှစ်ပြည့်ပြီးသူ၊၄င်းရွာတွင် အခြေတကျနေထိုင်သူဖြစ်ကာ တွေ့ဆုံမေးမြန်းမှုကိုဖြေဆိုရန်အချိန်ပေးနိုင်သူဖြစ်ရမည်။ စစ်တမ်းကောက်ရာတွင်အရေအတွက်ကိုဆန်းစစ်သောနည်းကိုသုံး၍စံတစ်ဝက်ပြု(semi-structured)မေးခွန်းများဖြင့် မျက်နှာချင်းဆိုင်ထိပ်တိုက် မေးမြန်းခြင်းကိုအသုံးပြုသည်။ တွေ့ဆုံမေးမြန်းမှုကို စောင့်ကြည့်လေ့လာခြင်း နှင့်အကဲဖြတ်စစ်ဆေးရေးအရာရှိ၏ကြီးကြပ်မှုအောက်တွင် ကြက်ခြေနီစေတနာလုပ်အားရှင်များက ပြုလုပ်ပါသည်။

## သတင်းအချက်အလက်များထည့်သွင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖျာစီစစ်မှုများပြုလုပ်ခြင်း

သတင်းအချက်အလက်များစာရင်းသွင်းရန်အတွက် စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်စစ်ဆေးရေးအရာရှိသည် မြို့နယ်အဆင့်တွင်အဖွဲ့မှ(၂)ဦး–(၃)ဦးခန့် ကိုကောက်ယူထားသောအချက်အလက်များကို Excel & Sphinx Survey Software[၃] တွင်စာရင်းသွင်းရန်တာဝန်ပေးလေ့ရှိပြီး အချက်အလက်များကိုခွဲခြမ်းစိတ်ဖြာရန်နှင့် အစီရင်ခံစာတင်ရန်အတွက် ၄င်းအရာရှိကိုယ်တိုင်ပြန်လည် သုံးသပ်ပါသည်။ ပြင်သစ်ကြက်ခြေနီအဖွဲ့မှဘေးအန္တရာယ်လျော့ပါးရေးညှိနှိုင်းရေးအရာရှိမှ အတည်ပြုပြီးသောအခါအစီရင်ခံစာကို မြန်မာနိုင်ငံကြက်ခြေနီအသင်းအုပ်ချုပ်ရေးအဖွဲ့သို့တင်ပြရသည်။ အပြီးသတ်အစီရင်ခံစာသည်ရုံးတွင်းတွင်သုံးရန်သာဖြစ်သည်။

## အပြီးသတ်စစ်ဆေးခြင်း

အပြီးသတ်စစ်ဆေးခြင်းသည် ကနဦးလေ့လာဆန်းစစ်မှုအချက် အလက်များကောက်ယူခြင်း နှင့်အချိန်ကာလသာကွာခြားပြီးလုပ်ဆောင်နည်းများအတူတူပင်ဖြစ်သည်။

## စစ်တမ်းကောက်ယူခြင်း၏ ရည်ရွယ်ချက်များ

အပြီးသတ်စစ်ဆေးခြင်း၏ ရေဘုယျရည်ရွယ်ချက်သည် အစီစဉ်တစ်ခု၏ ရလဒ်နှင့်အကျိုးသက်ရောက်မှုကို အကဲဖြတ်ခြင်းဖြင့် အောင်မြင်မှုကိုတိုင်း တာရန်ဖြစ်သည်။

---

၁ စီမံချက်များပြုလုပ်ရန် ရပ်ကွက်/ ကျေးရွာရွေးချယ်ခြင်းအပြည့်အစုံကို ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှု (case dtudy) ၁ တွင်ဖော်ပြထားပါသည်။

၂ ရေလွှမ်းမိုးမှုနှင့်ပတ်သက်၍ အန္တရာယ်ဖြစ်နိုင်ခြေများကို စီမံချက်တည်နေရာများအားလုံးတွင်ဖြစ်နေကျဘေးအန္တရာယ်ကျရောက်မှုများအဖြစ် အထူးလေးပေး သတ်မှတ်ထားပါသည်

၃ စီမံချက်တည်ရှိရာမြို့နယ်ပေါ်တွင်မူတည်၍ မတူညီသော ခွဲခြမ်းစိတ်ဖြာနည်းကိုအသုံးပြုကြသည်။ အချို့သောမြို့နယ်များတွင် Sphinx and Excel နှစ်မျိုးစလုံးအသုံပြုနေချိန်တွင် အချို့မြို့နယ်များက Sphinx Survey Software တစ်မျိုးတည်းကိုသာအသုံးပြုကြပါသည်။



ကနဦးလေ့လာဆန်းစစ်မှုများနှင့်အပြီးသတ်လေ့လာဆန်းစစ်မှုများတွင်အသုံးပြုသောစံတစ်ဝက်ပြု မေးခွန်းများလွှာအတွက်ရပ်ကွက်လူထုကဖြေကြားပေးနေပုံ

အဓိကရည်ရွယ်ချက်များမှာ

- ကနဦးလေ့လာဆန်းစစ်မှုအချက်အလက် များနှင့်နှိုင်းယှဉ်ရန်
- အစီစဉ်၏ကဏ္ဍတစ်ခုစီမှရလဒ်နှင့် အကျိုးသက်ရောက်မှုများကို တိုင်းတာရန်နှင့်
- အစီစဉ်၏အမှန်တကယ်ရလဒ်နှင့်မျှော်မှန်းရလဒ်ကိုနှိုင်းယှဉ် အကဲဖြတ်ရန်

## နမူနာနှင့်အချက်အလက်ကောက်ယူခြင်း

အပြီးသတ်စစ်ဆေးခြင်းတွင် ကောက်ယူသောမေးခွန်းလွှာသည်လည်း ကနဦးလေ့လာဆန်းစစ်မှုကောက်ယူစဉ်ကအသုံးပြုသော မေးခွန်းလွှာနှင့် တစ်ထပ်တည်းဖြစ်သည့်အပြင်ကျေးရွာအလိုက် နမူနာအရွယ် အစားသတ် မှတ်ရာတွင်လည်းကောင်း၊ ကောက်ယူသူ (စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းအရာရှိ၏ကြီးကြပ်မှုအောက်တွင်ရှိသော ကြက်ခြေနီ စေတနာ့လုပ် အားရှင်များနှင့်ဖွဲ့စည်းထားသည့်အဖွဲ့) အဖွဲ့တာဝန်ပေးရာတွင်လည်းကောင်းအတ တူပင်ဖြစ်သည်။

မှန်ကန်သောနှိုင်းယှဉ်မှုဖြစ်စေရန်အလို့ငှာ ကနဦးလေ့လာဆန်းစစ်မှုအချက်အလက်ကောက်ယူစဉ်ကပါဝင်ခဲ့သောမိသားစုမှဖြေကြားသူဖြစ်ရန် အတတ်နိုင်ဆုံးလုပ်ဆောင်ပါသည်။ အချက်အလက်ကောက်ယူချိန်တွင် ယင်းပုဂ္ဂိုလ်မရှိမှသာယင်းမိသားစုမှ အခြားသင့်တော်သောမိသားစုဝင် တစ်ဦးကိုရွေးချယ်မေးမြန်းပါသည်။

## အချက်အလက်စာရင်းသွင်းခြင်းနှင့်ခွဲခြမ်းစိစစ်ခြင်း

စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်စစ်ဆေးရေးအဖွဲ့မှ တာဝန်ပေးအပ်ခြင်းခံထားရသောသူ၂ဦး (သို့) ၃ဦးကမြို့နယ်အဆင့်တွင်ကောက်ယူထားသောအချက်အလက်များကို Excel database or Sphinx Survey Software တွင်စာရင်းသွင်းပါသည်။ အချက်အလက်များကို ခွဲခြမ်းစိစစ်ရန်နှင့် ပြန်လည်သုံးသပ်ခြင်းကိုစောင့်ကြည့်လေ့လာခြင်းနှင့် အ ကဲဖြတ်ဆန်းစစ်ခြင်းအရာရှိကတာဝန်ယူလုပ်ဆောင်ပါသည်။အပြီးသတ်အ စီရင်ခံစာသည်ရုံးတွင်းတွင်သုံးရန်သာဖြစ်သဖြင့်ပြင်သစ်ကြက်ခြေနီအဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များကိုသာတင်ပြပါသည်။

## အကျိုးသက်ရောက်မှုအကဲဖြတ်လေ့လာခြင်းအဆင့်ဆင့်

ကနဦးလေ့လာဆန်းစစ်မှုနှင့် အပြီးသတ်စစ်ဆေးမှုစစ်တမ်းကောက်ယူခြင်းအပြင်ဘေးအန္တရာယ်ကျရောက်မှု လျှော့ပါးရေးအစီစဉ်၏ အကျိုးသက်ရောက်မှုများကိုတိုင်းတာရန်ရပ်ကွက်/ ကျေးရွာ တိုင်းမှအဓိကကျသောပုဂ္ဂိုလ်များအားတွေ့ဆုံမေးမြန်းမှုကိုထပ်မံလုပ်ဆောင်ရပါသည်။ တွေ့ဆုံမေးမြန်းရာတွင်အစီစဉ်မစတင်မှီနှင့်ပြီးဆုံးချိန်တွင် သက်ဆိုင်သူအသီးသီး၏မတူညီသောအမြင်များပေါ်မူတည်၍ ၄င်းတို့အမြင်တွင်ရှိနေသည့်ကွာဟချက်နှင့် ထပ်မံတိုးမြှင့်လုပ်ဆောင်ရန်လိုအပ်မှုများ၊ ကျေးရွာ/ ရပ်ကွက်အတွင်းပြောင်းလဲမှုများ၊ ၄င်းကျေးရွာ/ ရပ်ကွက်လူထုအတွင်းမှ သဘာဝဘေးအန္တရာယ်လျှော့ပါးရေး လုပ်ငန်းများကိုတိုးမြှင့်ရန်အတွက်၄င်းတို့၏ ပူးပေါင်းပါဝင်မှုစသည့်အချက်များကိုရရှိရန်ကြိုးပမ်းပါသည်။ ဤအချက်အလက်များကို စစ်တမ်းကောက်စဉ်ကစုဆောင်းခဲ့သောကိန်းဂဏန်းအချက်အလက်များတွင် ထပ်မံပေါင်းထည့်ပြီးသင်ခန်းစာယူလောက်သည့် ထူးခြားအဖြစ်အပျက်များလည်းဖော်ထုတ်ပေးပါသည်။



မြန်မာနိုင်ငံကြက်ခြေနီအသင်းကြက်ခြေနီစေတနာ့လုပ်အားရှင်များရပ်ကွက်ပြည်သူလူထုနှင့်အုပ်စုအလိုက်ဆွေးနွေးခြင်း

အကျိုးသက်ရောက်မှုအကဲဖြတ်စစ်ဆေးခြင်း အစီရင်ခံစာတွင်ကနဦးလေ့လာဆန်းစစ်မှုနှင့် အပြီးသတ်စစ်ဆေးမှုစစ်တမ်းမှရလာဒ်များကို အတူတကွနှိုင်းယှဉ်စီစစ်ပေးပါသည်။ အချက်အလက်များကိုခွဲခြမ်းစီစစ်ရန်အချို့ကို ပုံစံပြောင်း၍ မှတ်တမ်းတင်ရပါသည်။ ဥပမာအားဖြင့် ကျုံပျော်မြို့နယ်တွင်ပထမဦးဆုံးကနဦး လေ့လာဆန်းစစ်မှုအချက်အလက်များကို Excel မှSPSS Excel မှ SPSS သို့ပြောင်းရွှေ့ထည့်သွင်းရပါသည်။ ဒုတိယအနေဖြင့်အပြီးသတ်စစ်တမ်းမှအချက်အလက်များက Sphinx ပုံစံမSPSS ပုံစံသို့ပြန်လည် ပုံစံပြောင်းရသည်။ တတိယအနေဖြင့်လွတ်လပ်စွာဖြေဆိုနိုင်သောမေးခွန်းများ၏ တုန့်ပြန်ချက်များကိုပြန် လည်ပြီးပြောင်းလဲပေးရသည်။အရင်ဖော်ပြထားသည့်အတိုင်းမြို့နယ်ကိုလိုက်၍ကနဦးလေ့လာဆန်းစစ်မှု နှင့် အပြီးသတ်စစ်ဆေးမှုစစ်တမ်း အချက်အလက်များကိုစာရင်းအင်းပုံစံနည်းအမျိုးမျိုးကိုသုံး၍ ထည့်သွင်း ထားကြပါသည်။ သို့သော်လည်း မြို့နယ်အားလုံးလိုလိုတွင်နောက်ဆုံးအချက်အလက်များကို SPSS[၄] ပုံစံတွင် ထည့်သွင်းခွဲခြမ်းစီစစ်ပါသည်။ အကျိုးဆက်အကဲဖြတ်မှုများမှရလဒ်များနှင့် ပြောင်းလဲပြီးသော မူရင်းစစ်တမ်းအချက်အလက်များကိုပေါင်းစပ်၍အကဲဖြတ်အစီရင်ခံစာ ပထမပိုင်းသည် ပြန်လည်ဖြေဆိုသောအုပ်စုနှစ်ခုကိုနှိုင်းယှဉ်ထားပါသည်။ အထက်တွင်ဖော်ပြထားသည့်အတိုင်းအတတ်နိုင်ဆုံးယခင် ကနဦးလေ့လာဆန်းစစ်မှုတွင် ဖြေဆိုသူများကိုသာတွေ့ဆုံမေးမြန်းရမည်ဖြစ်သော်လည်း အပြီးသတ်စစ်ဆေးမှုစစ်တမ်း ကောက်ယူချိန်တွင်ထိုဖြေဆိုသူများကိုမရနိုင်သဖြင့် အခြားသူများကိုမကြာခဏရွေးချယ်ရပါသည်။ ပြန်လည်ဖြေဆိုသူအုပ်စုနှစ်ခု၏အခြေအကိုယှဉ်ကြည့်ရာတွင်ဖြေဆိုသည့် အုပ်စုများသည် တူညီမှုလုံလောက်စွာ ရှိသည်ဟုယူဆချက်ဖြင့် နိဂုံးချုပ်လေ့လာချက်များကို ဆွဲထားပါသည်။ ထို့ပြင်မေးခွန်းတစ်ခုစီအား အစီစဉ် အစပိုင်းမှအခြေအနေနှင့် အစီစဉ်အကောင်ထည်ဖော်ပြီးချိန်အခြေအနေကိုနှိုင်းယှဉ်ခြင်းဖြင့် တိုးတက်ပြောင်းလဲမှုများရှိမရှိကို မြင်တွေ့ပါသည်။ အကဲဖြတ်အစီရင်ခံစာ၏ အရေးကြီးသောအခြားအစိတ်အပိုင်းသည် စီမံ ချက်လုပ်ငန်းများ ဆက်စပ်မှုပြဇယား (Logical framework) မှမျှော်မှန်းရလဒ်များနှင့် အကောင်ထည်ဖော်ရာမှရသော တကယ့်ရလဒ်များကို နှိုင်းယှဉ်ပြခြင်းဖြစ်သည်။



တောရွာလေးတစ်ရွာတွင်မြန်မာနိုင်ငံကြက်ခြေနီစေတနာ့လုပ်အားရှင်များသတင်းအချက်အလက်မျ ၁းကောက်ယူနေပုံ

## ဖြစ်မြောက်အောင်ကူညီထောက်ပံ့ပေးသောအကြောင်းအရာများ

- **ရပ်ကွက်/ ကျေးရွာလူထုပါဝင်ဆောင်ရွက်မှု**
  မေးခွန်းများကိုဖြေဆိုရာတွင် လူထု၏စိတ်အားထက်သန် စွာပါဝင်ပူးပေါင်းခြင်းနှင့်၄င်းတို့အချိန်များပေး၍မေးခွန်းများကို စိတ်အားထက်သန်စွာဖြေဆိုပေးခြင်းသည် ၄င်းတို့ပတ်ဝန်းကျင်ရှိဘေးအန္တရာယ်ကျရောက်နိုင်မှုအခြေအနေ(ပင်လယ်ကမ်းရိုးတန်းသေသများတွင်ဆိုင်ကလုံးနှင့်ရေလွှမ်းမိုးမှု များမကြာခဏဖြစ်တတ်ခြင်း)ကိုနားလည်သဘောပေါက်ခြင်းနှင့်၄င်းတို့၏ အသက်အိုးအိမ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုးတက်စေရန်အတွက် အရေးပေါ်ဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းများလိုအပ်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

---

၄ ကျောက်တန်းမြို့နယ်တွင်ကနဦးလေ့လာဆန်းစစ်မှုနှင့် အပြီးသတ်စစ်ဆေးမှုများကိုခွဲခြမ်းစိတ်ဖျာစီစစ်ရာတွင်နထခနူ ကိုအသုံးပြုပါသည်။ အလားတူစွာ အကျိုးသက်ရောက်မှုအကဲဖြတ်စစ်ဆေးခြင်းတွင်လည်း Excel ကိုသုံး၍ခွဲခြမ်းစိတ်ဖျာစီစစ်ပါသည်။

- **ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏ပါဝင်လုပ်ဆောင်မှု** ကြက်ခြေနီစေတနာ့ဝန်ထမ်းများ၏ ဆောင်ရွက်မှုများဖြစ်သောစီမံချက်တည်ရှိရာနေရာများသို့သွားရောက်ကြည့်ရှုခြင်း နှင့်လေ့လာစစ်ဆေးမှုများ ပြုလုပ်ခြင်းများမရှိပါက စီမံချက်လုပ်ငန်းများ မဆောင်ရွက်မီအခြေအနေနှင့် ဆောင်ရွက်ပြီးအခြေအနေများ စစ်ဆေးခြင်းများကို ဖြစ်မြောက်အောင်လုပ်နိုင်မည်မဟုတ်ပါ။ စီမံကိန်း၏အောင်မြင်မှုအကျိုးရလဒ်များကိုတိုင်းတာစစ်ဆေးရာတွင် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏ စိတ်ဝင်စားစွာပါဝင် ဆောင်ရွက်မှုသည် အဓိကကူညီပံ့ပိုးပေးသောအချက်တစ်ခုပင်ဖြစ်သည်။
- **တူညီသောသတင်းအချက်အလက်ကောက်ယူနည်းများကိုအသုံးပြုခြင်း** ကနဦးလေ့လာဆန်းစစ်မှုနှင့် အပြီးသတ်စစ်ဆေးမှုများတွင် တူညီတိကျသောစစ်ဆေးမှုမေးခွန်းလွှာ များကိုအသုံးပြု၍တူညီသောစောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်စစ်ဆေးခြင်းအဖွဲ့ကတူညီသော ဖြေကြားမည့်သူများကိုတွေ့ဆုံပါသည်။ တူညီသောမေးခွန်းလွှာများကိုအသုံးပြုခြင်းဖြင့် သတင်းအချက် အလက်ကောက်ယူရာတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များအတွက်အခက်အခဲများကို လျော့နည်းစေပါသည်။

## ကြုံတွေ့ရသောအခက်အခဲများ

- တူညီသောမေးခွန်းလွှာပုံစံကိုသုံးသော်လည်း သတင်းအချက်အလက်များစစ်ဆေးခွဲခြမ်းမှုပြုလုပ်ရာတွင် မတူညီမှုများကိုတွေ့ရသည်။ အသီးသီးသောမြို့နယ်များတွင်မတူညီသောသတင်းအချက်အလက်စစ်ဆေးသည့်စနစ်ကိုအသုံးပြုသည်ကိုတွေ့ရပြီး တစ်ခါတစ်ရံတွင်မြို့နယ်တစ်မြို့နယ်အတွင်း၌ပင် ခွဲခြမ်းစိတ်ဖျာသည့်စနစ်ရွေးချယ်မှုမှာ ကနဦးလေ့လာစစ်ဆေးမှုများနှင့်အပြီးသတ် စစ်ဆေးမှုများတွင်တူညီမှုမရှိပါ။
- မြို့နယ်တစ်မြို့ထဲတွင် ကနဦးလေ့လာဆန်းစစ်မှုများနှင့်အပြီးသသတ်ဆန်းစစ်မှုများပြုလုပ်ရာတွင် မတူညီသောသတင်းအချက်အလက်များကိုစနစ်ကိုအသုံးပြုသောကြောင့်ဖြစ်သည်။ ထိုသို့စနစ်မတူညီမှုကြောင့်စစ်ဆေးမှုရလဒ်များကိုဖော်ပြရာတွင် သတင်းအချက်အလက် များကိုပြန်လည်အဓိပ္ပါယ်ဖော်ပြရပြီး အခက်အခဲများနှင့် မပြည့်စုံမှုများကိုကြုံတွေ့ရသည်။
- ယခုလက်ရှိအသုံးပြုနေသော အကျိုးသက်ရောက်မှု စစ်ဆေးခြင်းလုပ်ငန်းသည်အလွန်တင်းကျပ်သော အချိန်ဇယားကိုလိုက်နာရပါသည်။ ကနဦးစစ်ဆေးမှုများပြုလုပ်ပြီး တစ်နှစ်အတွင်းအပြီးသတ်စစ် ဆေးမှုမကိုအချိန်တိုအတွင်းတွင်ပြုလုပ်ရသည်။ အချို့လုပ်ငန်းများတွင် အပြီးသတ်စစ်ခြင်းကအချို့သောလုပ်ငန်းအစီအစဉ်များ မစတင်ခင်တွင်ပြုလုပ်ပြီးဖြစ်နေပါသည်။ဥပမာ–ရွာတစ်ရွာတွင် စောင့်ကြည့်စစ်ဆေးခြင်း နှင့်အကဲဖြတ်စစ်ဆေးခြင်းအဖွဲ့က အပြီးသတ်စစ်ဆေးခြင်းဆိုင်ရာ သတင်းအချက်အလက်များကိုအမိုးအကာနေစရာပစ္စည်းများထောက်ပံ့မှုနှင့်နောက်ဆက်တွဲဆောက်အဦး များဆောက်လုပ်ခြင်းလုပ်ငန်းများမတိုင်မီကပြုလုပ်ခဲ့ပါသည်။
- ထို့အပြင် မြို့နယ်တစ်ခုတွင် အချိန်တိုတစ်နှစ်သာ သတ်မှတ်ထားသောကြောင့် တစ်ခါတစ်ရံ ကနဦးလေ့လာဆန်းစစ်မှု နှင့်အပြီး သတ်လေ့လာဆန်းစစ်မှုများကိုမတူညီသောမြို့နယ်နှစ်ခုတွင် တစ်ပြိုင်နက်ထဲပြုလုပ်ကြရပါသည်။ လုပ်ငန်းစဉ်တစ်ခုလုံးကို စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်စစ်ဆေးရေး(M&E) အရာရှိတစ်ယောက်တည်းကသာအချိန်တိုအတွင်းတွင်တပြိုင်တည်း တာဝန်ယူကြီးကြပ်ရသောကြောင့်သတင်းအချက်အလက်များထည့်သွင်းခြင်းနှင့်စီစစ်မှုများပြုလုပ်ရာတွင်မြို့နယ်နှစ်ခု အတွက်အချိန်မပေးနိုင်သောကြောင့် သတင်းအချက်အလက်မှန်ကန်မှုများလျော့နည်းနိုင်ပါသည်။
- ကနဦးလေ့လာဆန်းစစ်မှုများနှင့် အပြီးသတ်ဆန်းစစ်လေ့လာမှုများတွင်အသုံးပြုသောမေးခွန်း လွှာပုံစံသည်ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအကြောင်းအရာအချက်အလက်များကိုသာအလေးပေးထားသောကြောင့် ကျောင်းအခြေပြုဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတွင်ပါဝင်သောအဓိကအချက်များမရနိုင်ပေ။ ထို့ကြောင့်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်အောက်တွင်ရပ်ရွာအခြေပြုဘေးအန္တရာယ် လျော့ပါးရေးအပြင်အခြားလုပ်ငန်းစဉ်များရှိသော်ည်း ၄င်းတို့၏အကျိုးသက်ရောက်မှုကိုစစ်ဆေး လေ့လာရန်သတင်းအချက်အလက်များစုဆောင်းခြင်းမရှိပါ။

## သင်ခန်းစာရရှိမှုများနှင့်အကြံပြုချက်များ

- ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေး အစီအစဉ်မှအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏အဓိကရရှိသော သင်ခန်းစာမှာမြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အခြားသောဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် များတွင် တူညီသောစောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်းတို့ကို အဆင်ပြေလွယ်ကူစွာလုပ်ကိုင်နိုင်မည်ဟုယူဆခြင်းဖြစ်ပါသည်။ ထိုလုပ်ငန်စဉ်သည် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း၏လက်ရှိရပ်ရွာတွင် ဖွဲ့စည်းထားရှိမှုပေါ်တွင် မူတည်ပြီးဗဟိုဌာနရှိ ဘေးအန္တရာယ်လျော့ပါးရေးဌာနမှ စောင့်ကြည့်စစ်ဆေးရေးနှင့်အကဲဖြတ်ရေးအရာရှိမှပံ့ပိုးပေးပါသည်။ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှစီမံချက် ရေးဆွဲခြင်း၊စောင့်ကြည့်စစ်ဆေးခြင်း၊အကဲဖြတ်ခြင်းနှင့်အစီရင်ခံခြင်း (PMER officer) အရာရှိကအခြား အစီအစဉ်များရှိသောမြို့နယ်များတွင် အလားတူပံ့ပိုးမှုများကိုမြန်မာနိုင်ငံကြက်ခြေနီ စေတနာ့လုပ်အားရှင်များအားပေးခြင်းဖြင့်၄င်းတို့အားကနဦးနှင့် အပြီးသသတ်စစ်ဆေးမှုများပြုလုပ်ရန်အထောက်အကူပြုနိုင်ပါသည်။

- စီမံချက်၏အမှန်အကျိုးသက်ရောက်မှုများကို နိဂုံးချုပ်ရာ၌သိရှိနားလည်နိုင်ရန် အပြီးသတ်စစ်ဆေးမှုများကိုနှစ်အတန်ကြာမှ္ဓလုပ်သင့်ပါသည်။ အချို့သောအကျိုးသက်ရောက်မှုများသည် တစ်နှစ်တာ ကြာမှုနှင့်မတွေ့မြင်ရပေ။တနည်းအားဖြင့်ဆိုသော် အပြီးသတ်စစ်ဆေးမှုများတွင် ဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုနှင့်သတိပြုနားလည်မှုများ တိုးတက်မှုရှိကြောင်းမြင်တွေ့ရသော်လည်းစီမံချက်ပြီး ဆုံးပြီးတစ်နှစ်အကြာတွင် ထိုကောင်းမွန်သောအကျိုးရလဒ်များပျက်စီးသွားနိုင်သည်။ ထို့ကြောင့်လက်ရှိအကျိုးရလဒ်များကိုစစ်ဆေးရုံနှင့်မလုံလောက်ပါ။ တိကျကိုက်ညီသောရလဒ်များက မြင်တွေ့နိုင်ရန် နှစ်ရှည်ချဉ်းကပ်မှုနည်းလမ်းဖြင့် လုပ်ဆောင်ရန်လိုအပ်ပါသည်။

- ထို့အပြင်ရပ်ရွာတစ်ခုတွင်စီမံကိန်းအစီအစဉ်လုပ်ငန်းများ၏ အကျိုးသက်ရောက်မှုများကို တိုင်းတာ စစ်ဆေးရာတွင်အပြီးသတ်ဆန်းစစ်လေ့လာမှုများကိုစီမံချက်လုပ်ငန်းများအားလုံးပြီးဆုံးမှလုပ်ရန်လိုအပ်ပါသည်။

## ကျမ်းကိုးစာရင်း


- မြန်မာနိုင်ငံကြက်ခြေနီအသင်း၂၀၁၁ ၏ခုနှစ်အကျိုးရလဒ်များအကဲဖြတ်စစ်ဆေးခြင်း၊ကျုံပျော်မြို့နယ်
- အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒ်ရေးရှင်း၏ ၂၀၁၁ခုနှစ်စီမံကိန်းလုပ်ငန်းများစောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်းလမ်းညွှန်ဤအင်တာနက်စာမျက်နှာတွင်ရယူနိုင်ပါသည်။

  http://www.ifrc.org/Global/Publications/monitoring/IFRC-ME-Guide-8-2011.pdf
- အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒ်ရေးရှင်း၏ရပ်ရွာအခြေပြုဘေးအန္တ ရာယ်လျော့ပါးရေးအစီအစဉ်၏ အဓိကအောင်မြင်မှုအကြောင်းအရာများ၊ ၂၀၁၁ခုနှစ်တွင် ARUP အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုမှလုပ်ဆောင်ခဲ့သောရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလေ့လာဆန်းစစ်ခြင်း

  ဤအင်တာနက်စာမျက်နှာတွင်ရယူနိုင်ပါသည်။

  http://www.ifrc.org/PageFiles/97406/Final_Key_Determinants_Report_plus%20Appendices.pdf

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်လက်တွေ့ဆောင်ချက်များသည်မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ဦးတည်ချက်တစ်ရပ်ဖြစ်သောမြန်မာနိုင်ငံအတွင်းရှိဘေးအန္တရာယ်ကျရောက်နိုင်သောနေရာများတွင်မှီတင်း နေထိုင်နေကြကုန်သောရပ်ရွာနေပြည်သူပြည်သားများတွင်ဘေးအန္တရာယ် ကျရောက်မှုလျော့ပါးစေရန် ရည်ရွယ်၍ လုပ်ဆောင်နေသော လက်တွေ့လေ့လာခြင်းဖြစ်သည်။**

ဤဖြစ်ရပ်များသည်မြန်မာနိုင်ငံရှိမြို့နယ်၃၉မြို့နယ်မှ ခရိုင်၁၇ခုတွင် အမှန်တစ်ကယ်ကြုံတွေ့ခဲ့ရသော ဘဝအတွေ့အကြုံ၊ ကောင်းမွန်သော လက်တွေ့လုပ်ဆောင်ချက်နှင့် ပြန်လည်လေ့လာဆန်းစစ်သုံးသပ်ချက်များကို စီစစ်ကောက်နုတ်တင်ပြထားခြင်းဖြစ်ပါသည်။ အဆိုပါအစီအစဉ်တွင်ကျေးလက်နှင့်မြို့ပြဒေသများတွင် ဘေးအန္တရာယ်လျော့ပါးရေးအသိပညာ ဗဟုသုတများတိုးပွားစေခြင်း၊စွမ်းဆောင်ရည်များမြှင့်တင်ပေးခြင်း၊ (နိုင်ငံတော်အဆင့်ဘေးအန္တရာယ်တုန့်ပြန်ရေးအဖွဲ့၊အရေးပေါ်တုန့်ပြန်၊ပြန်ကြားရေးအဖွဲ့)၊စေတနာ့ဝန်ထမ်းများမွေးထုတ်ပေးခြင်း၊ကျောင်းအခြေပြုကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် များကိုတသားတည်းထည့်သွင်းစဉ်းစားခြင်းစသည့်လုပ်ငန်းတာများပါဝင်သည်။ဤလုပ်ငန်းစဉ်မှတ်တမ်းများသည် နောင်တစ်ကြိမ်ပြန်လည်အသုံးချရာတွင် သင်ထောက်ကူပစ္စည်းများ၊ ကိုးကားချက်များအနေဖြင့် ပြန်လည်အသုံးပြုခြင်းသည် အကောင်းဆုံးအရာများဖြစ်သည်။ ဤလက်တွေ့လေ့လာမှုများသည်မြန်မာနိုင်ငံကြက်ခြေနီအသင်းကအပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့်မိတ်ဖက်ကြက်ခြေအနီအသင်းများဖြစ်သော ပြင်သစ်ကြက်ခြေနီအသင်း၊ ကနေဒီယန်းကြက်ခြေနီအသင်းနှင့်အမေရိကန်ကြက်ခြေနီအသင်းတို့၏အကူအညီဖြင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ဖွဲ့စည်းပုံကိုအစကနဦးအနေဖြင့်မြန်မာနိုင်ငံအတွက် လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤလိပ်စာဖြင့်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
**ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရာဇသင်္ဂဟလမ်းကြီး၊ ဒက္ခိဏသီရိ၊ နေပြည်တော်**
**ဖုန်း(+၉၅) ၀၆၇ ၄၁၉၀၁၇ – လိုင်းခွဲ ၂၂၀**
**ဖက် (+၉၅) ၀၆၇ ၄၁၉၀၁၇**

ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းဖွဲ့စည်းပုံကနဦးစတင်ဆောင်ရွက်ခြင်းတို့ကိုအောက်ပါမိတ်ဖက်ကြက်ခြေနီအသင်းတို့၏ အကူအညီဖြင့်ဆောင်ရွက်ပါသည်။

| | |
|---|---|
| International Federation of Red Cross and Red Crescent Societies | အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း |
| croix-rouge française | ပြင်သစ်ကြက်ခြေနီအသင်း |
| CANADIAN RED CROSS | ကနေဒီယန်းကြက်ခြေနီအသင်း |
| American Red Cross | အမေရိကန်ကြက်ခြေနီအသင်း |

CBDRR Framework is facilitated by

adpc Asian Disaster Preparedness Center